global witness

# သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ - စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး ခရိုနီများက မြန်မာနိုင်ငံအတွင်း မြေယာများ သိမ်းယူရန် မည်သို့ ပူးပေါင်းကြံစည် လုပ်ဆောင်ခဲ့ကြသနည်း။

၂၀၁၅ ခုနှစ် မတ်လ

## အစီရင်ခံစာ အနှစ်ချုပ်

*သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ* သည် Global Witness ၏ မြန်မာနိုင်ငံ မြေယာကဏ္ဍ ဆိုင်ရာ ပထမအကြိမ် အစီအရင်ခံစာဖြစ်သည်။ ဆယ့်ရှစ်လတာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက်၊ အစီရင်ခံစာ အတွင်း စစ်တပ်၊ နိုင်ငံရေးနှင့် စီးပွားရေး ခရိုနီများအနေဖြင့် စီးပွားဖြစ် ရာဘာစိုက်ခင်းများ တည်ထောင်ရန် အတွက် တိုင်းရင်းသား လူနည်းစု ရွာသားများထံမှ မြေယာများ သိမ်းယူရန် မည်ကဲ့သို့ ပူးပေါင်းကြံစည် ဆောင်ရွက်ခဲ့သည်ကို အသေးစိတ် ဖော်ပြထားသည်။ ဤအစီရင်ခံစာသည် နိုင်ငံ၏ ချီးကျူးမှု အများအပြားရရှိခဲ့သော အရပ်သားဒီမိုကရေစီ သို့ အသွင်ကူးပြောင်းခြင်းကာလမှ ယနေ့ တိုင် ပြောင်းလဲခြင်းမရှိသေးသည့် ဒေသခံ လူထုအပေါ် ခေတ်အဆက်ဆက်လက်ဆင့်ကမ်းခဲ့သော ဂိသမမြေယာသိမ်းယူမှုများအကြောင်း စုံစမ်းစစ်ဆေးထားသည်။ လတ်တလောတွင် မြန်မာအစိုးရသည် ပထမဆုံးသော အမျိုးသား မြေယာ မူဝါဒကို ဖော်ဆောင်ချမှတ်လျက်ရှိရာ၊ ယင်းသည် မြန်မာနိုင်ငံသားများ အတွက် ၎င်းတို့၏ မြေယာ အခွင့်အရေးများအား ကာကွယ်နိုင်ရန် အရေးကြီးသော အခွင့်အလမ်း ဖြစ်သည့်အပြင် ပိုမိုသာတူညီမျှရှိပြီး ရေရှည်တည်တံ့သော အနာဂတ်အတွက် လုံခြုံမှုများ ရှိလာမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် အရပ်သားအစိုးရ လက်ထက်မှ စတင်၍ မြန်မာအစိုးရမှ လမ်းညွှန်ခဲ့သော ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် လူ့အခွင့်အရေးများတိုးတက်စေရေး တို့သည် ကျယ်ပြန့်သော မြေယာသိမ်းယူမှုဆိုင်ရာ အစီရင်ခံမှုများကြောင့် ပေဂါးဖျော့တော့ခဲ့သည်။ ၂၀၁၃ ခုနှစ်အရောက်တွင် ရန်ကုန်မြို့ဧရိယာ၏ ၃၅ ဆ ရှိသော မြေဧက ၅.၃ သန်းကို  မူလပိုင်ရှင်အများစု၏ခွင့်ပြုချက်မရဘဲ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူများထံသို့ ငှါးရမ်းပေးအပ်ခဲ့ပြီးဖြစ်သည်။ ယင်းဧရိယာ၏ လေးပုံတစ်ပုံကျော်မှာ ရာဘာစိုက်ခင်းများ  ဖြစ်လာခဲ့သည်။ ယင်းကဲ့သို့မြေယာများ အတင်းအဓမ္မ ယူဆောင်မှုများသည် စိုက်ခင်းများနှင့် သစ်တောများကို မှီခိုနေရသော မြန်မာလူဦးရေ ၇၀ ရာခိုင်နှုန်း၏ လူနေမှုဘဝ၊ လုပ်ကိုင်စားသောက်မှုများကို ဆိုးရွားစွာထိခိုက်စေခဲ့သည်။

စစ်တပ်မှ အုပ်ချုပ်ခဲ့သော ဆယ်စုနှစ် ၅ စု အပြီး အရပ်သား အုပ်ချုပ်ရေး အရောက်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအား တပ်မတော် (မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ) ၏ ကျယ်ပြန့်စွာထိန်းချုပ်မှု အောက်မှ ဖယ်ထုတ်သင့်သည်။ သို့ရာတွင် ရယူထားသော မြေအများစုမှာ ယခင်စစ်အစိုးရနှင့် ချိတ်ဆက်မှုရှိသော ပြည်တွင်း ခရိုနီများ၏ လက်ဝယ်တွင်ရှိနေပြီး၊ မြေယာများ  လျှို့ဝှက်စွာ ရောင်းဝယ်နေမှုများကလည်း ခြစားမှုများတိုးပွားလာရန် အားပေးလျက်ရှိသည်။

*သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ* သည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းကို ဗဟိုပြုလျက် တပ်မတော်၏ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အနေဖြင့် ခရိုင်အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများဖြင့် ပူးပေါင်းကာ ကြီးမားကျယ်ပြန့်သော မြေယာများကို မည်သို့ သိမ်းယူခဲ့သည်ကို အသေးစိတ် ဖော်ပြထားသည်။ မြေသိမ်းမှု အများစုသည် ၂၀၀၆ ခုနှစ် နိုင်ငံတဝှမ်း ‘ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း အစီအစဉ်’ အောက်တွင် ဖြစ်ပွားခဲ့ပြီး၊ ဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့၏အပေါင်းအပါများအနေဖြင့် အသွင်ကူးပြောင်းပြီးနောက်ပိုင်း ပြည်သူလူထု၏ ပိုင်ဆိုင်မှုများနှင့် သဘာဝ သယံဇာတများကို စီးပွားရေးအရ ဆက်လက်ထိန်းချုပ်နိုင်စေရန် သေချာအောင် လုပ်ဆောင်ခဲ့ကြကြောင်း အစီရင်ခံမှုများရှိသည်။ မြေယာများအား သိမ်းယူပြီးသည်နှင့် တစ်ပြိုင်နက် စစ်တပ်သည် ထိုမြေယာများအား ပုဂ္ဂလိကကုမ္ပဏီများနှင့် နိုင်ငံရေးခရိုနီများအား လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခုအခါ ရွာသားများ၏ မြေယာများမှာ စီးပွားဖြစ် ရာဘာ စိုက်ခင်းများ

အဖြစ်ပြောင်းလဲသွားပြီး ရွာသားများ၏ လူနေမှုဘဝများကို ဖျက်ဆီးကာ ဆင်းရဲတွင်း နက်သထက် နက်စေခဲ့သည်။

Global Witness က ရှာဖွေဖော်ထုတ်ထားသော အထောက်အထားများအရ မြေယာသိမ်းယူမှုများကို အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တိုက်ရိုက် အမိန့်ပေးမှုအောက်တွင် ဒေသခံ တပ်ရင်းများက လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်က တာဝန်ခံဖြစ်ပြီး၊ အချို့မြေယာသိမ်းယူရာနေရာများသို့ သွားရောက် ကြည့်ရှုခဲ့သည်ဟု စွပ်စွဲခြင်းခံထားရသူမှာ မြန်မာနိုင်ငံ၏ လက်ရှိ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်ဖြစ်သည်။ သူသည် လက်ရှိ အစိုးရအတွင်း ဩဇာအာဏာ အရှိဆုံးနှင့် အငြင်းပွားဖွယ်ကောင်းသော ဝန်ကြီးများအနက်မှ တစ်ဦးဖြစ်ပြီး၊ တိုင်းရင်းသား လူနည်းစုအဖွဲ့ များနှင့် ဆက်ဆံရာတွင် ညှာတာထောက်ထားမှု ကင်းမဲ့သည်ဟု ပြည်တွင်းမီဒီယာများက အစီရင်ခံထားသည်။ စိုက်ပျိုးရေး ဝန်ကြီးဖြစ်လာချိန်မှစ၍ ဦးမြင့်လှိုင်သည် မြန်မာနိုင်ငံရှိ မြေယာအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများအား ထိခိုက်နစ်နာစေကာ စက်မှုလယ်ယာလုပ်ငန်းများ ဖြစ်ပေါ်လာအောင် တွန်းအားပေးသူအဖြစ် ကျယ်ပြန့်စွာဝေဖန်ခံရသည်။

ခရိုင်အဆင့် အစိုးရသည်လည်း စစ်တပ်အား ပံ့ပိုးကူညီခြင်းအားဖြင့် မြေယာသိမ်းယူမှုများတွင် တရားဥပဒေနှင့်မညီသော ပါဝင်ပတ်သက်မှုများရှိသည်။ မြေယာများသိမ်းယူရာတွင် လားရှိုးမြေစာရင်းဦးစီးဌာနမှ အရာရှိများသည် စစ်သားများနှင့်အတူ လိုက်ပါခဲ့ကြသည်။ Global Witness မှ စုံစမ်းစစ်ဆေးသူများသည် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များအတွင်း လူပုဂ္ဂိုလ်အမျိုးမျိုးအတွက် 'မြေလွတ်မြေရိုင်းများ' ချထားပေးမှုများကို စာရင်းပြုစုထားသော အစိုးရ စာရွက်စာတမ်းတစ်ခုကို ရရှိခဲ့သည်။ သို့ရာတွင် ကွင်းဆင်းလေ့လာမှုများနှင့် ဂြိုလ်တုဓါတ်ပုံများအရ အဆိုပါစာရွက်စာတမ်းတွင်ပါရှိသော မြေယာများသည် လက်တွေ့ တွင် ချထားပေးသည့် အချိန်မတိုင်မီ  သုံးနှစ်၊လေးနှစ်ကပင် သိမ်းယူခဲ့ပြီးသားဖြစ်၍ ရာဘာစိုက်ခင်းများအဖြစ် ပြောင်းလဲခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လားရှိုးရှိ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော တရားဝင် စာရွက်စာတမ်းသည် မြေယာသိမ်းမှုများအား နောက်ကြောင်းပြန် ‘တရားဝင်’ စေရန် ကြိုးပမ်းမှု တစ်ခုသာ ဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့်  မြေသိမ်းဆည်းမှုများ၏ အဓိက အကျိုးခံစားခွင့်ရှိသူမှာ ပုဂ္ဂလိကပိုင် ပြည်တွင်းကုမ္ပဏီ ဖြစ်သော စိန်ဂုတ်မှုံ ဖြစ်သည်။ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ မြေသိမ်းမှုများတွင် ပါဝင်သကဲ့သို့ ကုမ္ပဏီအနေဖြင့် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်း ကျေးရွာ သုံးရွာမှ မြေများကို တိုက်ရိုက်သိမ်းယူခဲ့သည်။ ယခုအခါ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတွင်ရှိသော အခြား  ရာဘာ ကုမ္ပဏီများအားလုံးထက်  ကျယ်ဝန်းသည့် စိုက်ပျိုးမြေဧက စုစုပေါင်း ၄၆၀၈ ဧက (၁၈၆၅ ဟက်တာ) ကို ထိန်းချုပ်ထားသည်။ ၎င်းတို့၏ စိုက်ခင်းများကို လားရှိုးခရိုင်အတွင်းရှိ အစိုးရ ထိန်းချုပ်နယ်မြေနှင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ရှိသော ကျေးရွာပေါင်း ဆယ့်တစ်ရွာမှ သိမ်းယူထားသော မြေယာအနှံ့အပြားပေါ်တွင် တည်ထောင်ထားခြင်းဖြစ်သည်။

စိန်ဂုတ်မှုံသည် လက်ရှိ ဆုပ်ကိုင်ထားသော မြေအများစုကို ထိန်းချုပ်နိုင်ရန် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် လားရှိုး မြေစာရင်းဦးစီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို အထောက်အထားများက ဖော်ပြလျက်ရှိသည်။ ကုမ္ပဏီမန်နေဂျာသည် အချို့ကျေးရွာများရှိ မြေယာများအား သိမ်းယူရာတွင် စစ်သားများနှင့် အတူလိုက်ပါသွားပြီး၊ အချို့နေရာများတွင်မူ ယူနီဖောင်းဝတ်ထားသော အရာရှိများက သူတို့ကိုယ်သူတို့ စိန်ဂုတ်မှုံ၏ ကိုယ်စားလှယ်များအဖြစ် ပြောဆိုခဲ့သည်။ မြေယာသိမ်းယူမှုများကို ဦးဆောင်ခဲ့သည် အရာရှိ ဗိုလ်မှူးမျိုးရီသည် ယခုအခါ ကုမ္ပဏီအတွက် အလုပ်လုပ်ပေးလျက်ရှိသည်။

ရွာသားများ တောင်ယာ (ရွှေ့ပြောင်းတောင်ယာ) စိုက်ပျိုးလေ့ရှိသော တောင်စောင်းမြေယာများကို မြေယာသိမ်းယူရန်အတွက် အဓိက ပစ်မှတ်ထားခဲ့သည်။ ထိုစိုက်ပျိုးမှု ပုံစံသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသခံ ရပ်ရွာလူထုဖြစ်သော ရှမ်း၊ ပလောင်နှင့် ကချင်လူမျိုးများအပါအဝင် တိုင်းရင်းသားလူနည်းစုများ

းလုပ်ကိုင်လေ့ရှိသော စိုက်ပျိုးရေး ပုံစံဖြစ်ပြီး၊ စိန်ဂတ်မှု၏ ရာဘာလုပ်ငန်းများကြောင့် ထိခိုက်နစ်နာခဲ့ကြရသည်။ တောင်ယာ စိုက်ခင်းများကို အာဏာပိုင်များက 'ထုတ်လုပ်နိုင်စွမ်းမရှိ' ဟု ထင်မြင်ကြသဖြင့် 'မြေလွတ်များ' တနည်းအားဖြင့် 'သိမ်းဆည်းရန် မြေများ' အဖြစ် သတ်မှတ်ခဲ့ကြသည်။ တိုင်းရင်းသားလူနည်းစုအဖွဲ့များအား ဆယ်စုနှစ်များစွာ နှိမ့်ချခွဲခြား ဆက်ဆံလာသည့် အခြေအနေအရပ်ရပ်အောက်တွင် ထိုလုပ်ဆောင်မှုကို မြန်မာအာဏာပိုင်များအနေဖြင့်  အဆိုပါအုပ်စုများ၏ နေထိုင်ရှင်သန်မှုနှင့် ဘဂရပ်တည်နည်းများကို ဖြိုလှဲနေရန် ကြိုးပမ်းမှုတစ်ခုဟု မြင်နိုင်ပါသည်။

စစ်တပ်၊ ခရိုင် အစိုးရ သို့မဟုတ် စိန်ဂတ်မှု တို့သည် မြေသိမ်းမှု မတိုင်မီ သို့မဟုတ် သိမ်းယူနေစဉ် အတွင်း ၎င်းတို့ သိမ်းယူသော မြေယာများနှင့် ပတ်သက်၍ ရွာသားများဖြင့် ညှိနှိုင်းတိုင်ပင်ခြင်း အလျှင်းမရှိခဲ့ပါ။ ရွာသားများအားလုံးတွင်  ခိုင်မာသော မြေယာပိုင်ဆိုင်မှု အထောက်အထားများ လုံးဝမရှိဘဲ မြေခွန်ဖြတ်ပိုင်းလွှာများကိုသာ တစ်ခုတည်းသော ပိုင်ဆိုင်မှုအထောက်အထားအဖြစ် အားထားနေရသည်။ သို့သော်လည်း ရွာသားများအနေဖြင့် မြေခွန်ဖြတ်ပိုင်းလွှာ ပြသနိုင်သည်ဖြစ်စေ၊ မပြသနိုင်သည်ဖြစ်စေ ၎င်းတို့ပိုင်မြေများကို စစ်တပ် သို့မဟုတ် ကုမ္ပဏီမှ လျော်ကြေးလုံးဝနီးပါး မပေးဘဲ သိမ်းဆည်းခံခဲ့ရသည်။ ရလဒ် အားဖြင့် အချို့ရွာသားများမှာ ၎င်းတို့၏မိသားစုများအား ကျွေးမွေးရန် ခက်ခဲစွာရုန်းကန်နေရပြီး၊ အလုပ်အကိုင်ရရှိရန် ၎င်းတို့၏ သားသမီးများကို ထိုင်းနိုင်ငံသို့ စေလွှတ်ကြရသည်။ ကုမ္ပဏီအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့် အခြေခံအဆောက်အဦကိုမျှ တည်ဆောက်ပေးခဲ့ခြင်း မရှိသည့်အပြင် Global Witness မှ တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသခံရွာသား တစ်စုံတစ်ယောက်မျှ ကုမ္ပဏီ၏စိုက်ခင်းများတွင် အလုပ်အကိုင်ရရှိခဲ့ခြင်းမရှိပါ။ သိမ်းဆည်းခဲ့သည့် မြေယာများထဲတွင် ဘိုးဘွား သင်္ချိုင်းမြေနေရာများနှင့် ရွာသားများပိုင် နတ်ကွန်းများ ပါဝင်ခဲ့ပြီး ယခုအခါ ရာဘာစိုက်ခင်းများ ဖြစ်သွားကြသည်။

မြေယာများသိမ်းယူနေချိန်တွင် ဆယ်စုနှစ် ၆ ခုကျော်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများအကြား၊ လက်တုံ့ပြန်ဒဏ်ခတ်မှုများ ပြုလုပ်မည် ကို စိုးရိမ်သည့်အတွက် ဝေးလံသောကျေးလက်ဒေသခံ ရွာသားများအနေဖြင့် သိမ်းယူမှုများကို ဆန္ဒထုတ်ဖော်ရန် သို့ မဟုတ် တိုင်ကြားရန်ပင် မဝံ့လောက်အောင် လွန်စွာကြောက်ရွံ့နေခဲ့ကြသည်။ ၂၀၁၂ မှ စတင်ပြီး ရွာသုံးရွာမှ ဒေသခံရွာသားများသည် အာဏာပိုင်များထံ ၎င်းတို့ပိုင် မြေယာများပြန်ပေးရန် အသနားခံစာများ ပေးပို့ ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့် အကြောင်းပြန်မှုကို မရရှိခဲ့ပါ။

ရာဘာ စိုက်ခင်းများအတွက် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသရှိ မြေသိမ်းယူမှုများတွင် နိုင်ငံရေးနှင့် စီးပွားရေး ခရိုနီများစွာ ပါဝင်ခဲ့ကြသည်။ (စိန်ဂတ်မှုမဟုတ်သည့်) အခြားသော ပုဂ္ဂလိကကုမ္ပဏီများအပြင် စာရင်းထဲတွင် မန်ပန် ပြည်သူ့စစ်အဖွဲ့နှင့် လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးရောက်ချမ်းနှင့် ဦးကျင်ဝမ်းတို့လည်း ပါဝင်သည်။

အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ သည်လည်း အကျိုးအမြတ်ရှိခဲ့ပုံ ရသည်။ အစိုးရ၏ စာရွက်စာတမ်းများက ပါတီအား ၂၀၁၀ ခုနှစ်ဇူလိုင်လတွင်း နိုင်ငံတော်ပိုင်မြေ ဧက ၁၃၀၀ ကို တရားမဝင် ချထားပေးခဲ့ကြောင်း သက်သေပြနေသည်။ အဆိုပါကိစ္စမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီအနေဖြင့် နိုင်ငံရေးပါတီအဖြစ် တရားဝင် မှတ်ပုံတင်ပြီး ရက်သတ္တပတ် ၇ ပါတ် အကြာတွင်ဖြစ်ပြီး ထိုအချိန်တွင် ပါတီအနေဖြင့် နိုင်ငံတော်ပိုင် ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ရမည့် အချိန်လည်း ဖြစ်သည်။

ထိုကဲ့သို့ ပူးပေါင်းကြံစည်မှုများ၊ မြေပိုင်ဆိုင်ခွင့်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မြန်မာ့ရာဘာ အတွက် ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံလိုသူများနှင့် ဝယ်ယူလိုသူများ အနေဖြင့် လေးလေးနက်နက် ချင့်ချိန်စရာဖြစ်သည်။ နိုင်ငံအတွင်း စိုက်ပျိုးသော ရာဘာ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို နိုင်ငံခြားသို့ တင်ပို့သည်။ မြန်မာနိုင်ငံမှ သွင်းကုန် အများဆုံးတင်သွင်းသည့် တရုတ်ပြည်သည် ရှမ်းပြည်နယ်

အရှေ့မြောက်ပိုင်းဖြင့် နီးကပ်စွာတည်ရှိသည့်အပြင်၊ စိန်ဂုတ်မှု၏ ရာဘာအားလုံး ခရီးလမ်းဆုံးဖြစ်သည့်အတွက် ယင်းကိန်းဂဏန်းမှာ ထို့ထက်ပိုမိုစရာရှိနေသည်။ သို့သော် ကမ္ဘာ့ရာဘာလုပ်ငန်းသည် ဖြန့်ချီရေး လမ်းကြောင်းပေါ်ရှိ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် စတင် စဉ်းစားရုံသာ ရှိသေးသည်။ မြန်မာ့ရာဘာ ထုတ်လုပ်မှု၏ အရည်အသွေးနှင့် အရေအတွက် တိုးတက်လာသည်နှင့်အမျှ းတာယာကုမ္ပဏီများနှင့် အခြား သဘာဝရာဘာ သုံးစွဲသူအများစုအနေဖြင့် ၎င်းတို့၏ ထုတ်လုပ်ဖြန့်ဖြူးရေးလမ်းကြောင်းများ တလျှောက်တွင် ခြစားမှုများကင်းဝေးရန်နှင့် လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန် တင်းကြပ်သော ကနဦး စစ်ဆေးမှုများ မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရသည် အမျိုးသား မြေယာ မူဝါဒနှင့် မြေယာ ဥပဒေ အသစ်ဖော်ဆောင် ပြဋ္ဌာန်းရန် စတင်လုပ်ဆောင်ခဲ့သည်။ ဤဆောင်ရွက်ချက်သည် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဝေဝါးစေသော မြေယာသိမ်းယူမှုများကို အဆုံးသတ်ရန်နှင့် နိုင်ငံသားများအတွက် ပိုမို မျှတသော အနာဂတ်အတွက် အာမခံပေးမည့် အဓိကကျသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် 'အာရှ၏ အမြင့်ဆုံးသော ရှေ့တန်း ဈေးကွက်' အဖြစ် ရုံဖန်ရံခါ ခေါ်ဆိုလေ့ရှိသည့် ဈေးကွက်ကို ဝင်ရောက်ရန် ကြိုးပမ်းနေရာ လက်ရှိအခွင့်အရေးသည် ယခုထက်ပိုပြီးအရေးကြီးသည့် အချိန်ရှိမည်မဟုတ်ပါ။ စစ်မှန်သော ပြုပြင်ပြောင်းလဲခြင်းဆိုသည်မှာ အနာဂတ်ကို မျှော်ကြည့်ရန်ဖြစ်သော်လည်း အတိတ်မှ ပြဿနာများအား ပြန်လည်ဖြေရှင်းပေးရန်လည်း လိုအပ်သည်။ မြန်မာအစိုးရအနေဖြင့် ယခင် ခေတ်ကာလက ကျူးလွန်ခဲ့သော မတော်မတရားမှုများ အတွက် တာဝန်ယူရမည်ဖြစ်ပြီး၊ အကျိုးသက်ရောက်ခံခဲ့ရသည့် ရပ်ရွာလူထုများအတွက် ပြန်လည်ထူထောင်ရေးများကို သေချာစွာ ဆောင်ရွက်ပေးရမည်။ သို့မဟုတ်ပါက စစ်အုပ်ချုပ်ရေးမှ လက်ဆင့်ကမ်းခဲ့သော ဂိုသမအမွေများသည် ဆင်းရဲမွဲတေမှုလျှော့ချရေး ကြိုးပမ်းမှုများကို ဆက်လက် ထိခိုက်စေကာ ခြစားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မြေယာသိမ်းယူမှုများကို ဖြစ်ပွားစေပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အတွက် အမြင့်ဆုံး အဟန့်အတားများပေးနေမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် Global Witness သည် စိန်ဂုတ်မှု ၏ ပိုင်ရှင်နှင့် ဒါရိုက်တာဖြစ်သော ဦးမောင်မြင့်ထံ မှတ်ချက်ပေးရန် စာရေးသားတောင်းခံခဲ့ပါသည်။ သူ၏ တုန့်ပြန်မှုတွင် ဦးမောင်မြင့်အနေဖြင့် Global Witness မှ ရရှိထားသည့် သတင်းအချက်အလက်များသည် ကောလာဟလ သာဖြစ်သည်ဟု ပြောဆိုခဲ့ပြီး၊ ကုမ္ပဏီအနေဖြင့် စစ်တပ်နှင့် ပတ်သက်မှုကို အသုံးချ၍ ရွာသားများ၏ မြေယာများ ရယူခဲ့သည်ဆိုခြင်းကို ငြင်းဆိုခဲ့ကာ၊ ၎င်းတို့ အနေဖြင့် ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး အလုပ်အကိုင်များပေးအပ်ကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့သည်ဟု ဆိုသည်။ Global Witness သည် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်၊ အခြားသော အဖွဲ့အစည်းများအားလုံးနှင့် သေနတ်များ၊ ခရိုနီများနှင့် ကောက်ပဲသီးနှံများ အစီရင်ခံစာတွင် ဖော်ပြထားသည့် လူပုဂ္ဂိုလ်များအားလုံး ကိုလည်း ဆက်သွယ်ရန် ကြိုးစားခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ တုန့်ပြန်ခဲ့ခြင်းမရှိပါ။

## အကြံပြုချက်များ

**စိန်ဂုတ်မှုကုမ္ပဏီ အနေဖြင့် အောက်ပါ အရေးယူဆောင်ရွက်မှုများကို စောလျင်စွာ မဖြစ်မနေလုပ်ဆောင်ရန် -**

၁။ ကုမ္ပဏီ၏ ရာဘာ လုပ်ငန်းများအားလုံးအတွက် အကျိုးသက်ရောက်ခံရသော ဒေသခံများ၏ လူနေမှုဘဝများကို အလေးပေးထားသည့် လွတ်လပ်ပြီး အနှောင်အဖွဲ့ ကင်းသော၊ အားလုံးပါဝင်နိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ အကျိုးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် ကို လုပ်ဆောင်ရမည်။ ထို အကဲဖြတ်ဆန်းစစ်ချက်များ၏ ရလဒ်များကို အကျိုးသက်ရောက်ခံရသော ရွာသားများလည်း သိရှိနိုင်ရန် လူသိရှင်ကြား ထုတ်ပြန်ရမည်။

အဆိုပါအကဲဖြတ်ချက်များမှ ရရှိလာသည့် ရလဒ်များကို အသုံးပြုပြီး ကုမ္ပဏီ၏ စိုက်ခင်းများကြောင့် အပျက်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ခံစားခဲ့ရသည့် ရွာသားများအား မည်သို့ ကုစားပေးနိုင်မည်ဆိုသည်ကို အသိပေးရန်။

၂။ ကုမ္ပဏီ၏ စိုက်ခင်းများကြောင့် အကျိုးသက်ရောက်ခံရသော ရွာသားများအတွက် ဒေသခံ တိုင်းရင်းသား ဘာသာစကားဖြင့် အသုံးပြုနိုင်မည့် ပွင့်လင်းမြင်သာပြီး၊ ထိရောက်မှုရှိသည့် ဒေသတွင်း အငြင်းပွားမှု- ဖြေရှင်းရေး စနစ်တစ်ခုကို တည်ထောင်ရမည်။ အဆိုပါ စနစ်သည် လွတ်လပ်ပြီး အနှောင်အဖွဲ့ ကင်းရန်နှင့် အားလုံးပါဝင်နိုင်ရန်လိုအပ်ပြီး၊ အကျိုးသက်ရောက်ခံရသော ရွာသားများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရမည်။

၃။ သိမ်းယူထားသော မြေများကို ရွာသားများအား ပြန်ပေးရမည်။ ထို့အပြင် ဆုံးရှုံးသွားသော ကောက်ပဲသီးနှံများနှင့် နေထိုင်စားသောက်မှုဘဝများအတွက် ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးငွေ ပေးအပ်ရန်။

၄။ အနာဂတ်တွင် မြေယာများ ထိန်းချုပ်ရယူနိုင်ရေးအတွက် တပ်မတော်နှင့် ပူးပေါင်းကြံစည်ခြင်း အစရှိသည့် အကျင့်ပျက်ခြစားမှုများကို အဆုံးသတ်ရန်။

၅။ အနာဂတ် မြေယာရင်းနှီးမြှုပ်နှံမှုများနှင့် ကုမ္ပဏီလုပ်ငန်းများသည် မြေယာပိုင်ဆိုင်ခွင့်နှင့် လူ့အခွင့်အရေးများ ချိုးဖောက်မှုမရှိစေရန် သေချာစေရမည်။ ဤတွင် လွတ်လပ်သော အလျင်ဦးစွာ အသိပေး သဘောတူညီချက် ဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများအား အကောင်အထည်ဖော်ခြင်း ပါဝင်သည်။

## ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ အနေဖြင့်

*စိန်ဂတ်မှုံ ကုမ္ပဏီနှင့် ပတ်သက်၍ -*

၆။ ဤအစီရင်ခံစာတွင်ပါဝင်သော အထောက်အထားများ မှန်ကန်မှု ရှိမရှိ စုံစမ်းစစ်ဆေးရန်၊ ခံစားရသော ရွာသားများအား ပြန်လည်ထူထောင်ပေးရန်နှင့် မြေယာသိမ်းယူမှု ကျူးလွန်သူများအား တာဝန်ခံစေရန်နှင့် သင့်လျော်သလို အရေးယူရန်။

၇။ စိန်ဂတ်မှုံ ကုမ္ပဏီမှ လွတ်လပ်ပြီး အနှောင်အဖွဲ့ ကင်းသော၊ အားလုံးပါဝင်နိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအကျိုးသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များ ပြုလုပ်ရာတွင် အပြည့်အဝပံ့ပိုးပေးရန်နှင့် လူသိရှင်ကြား ထောက်ခံရန်။

၈။ စိန်ဂတ်မှုံ၏ ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်သော ဒေသတွင်း-အငြင်းပွားမှု ဖြေရှင်းရေး စနစ် တည်ဆောက်မှုကို အပြည့်အဝ ပံ့ပိုးပေးပြီး လူသိရှင်ကြား ထောက်ခံပေးရန်။ အဆိုပါ စနစ်သည် လွတ်လပ်ပြီး အနှောင်အဖွဲ့ ကင်းရန်၊ အားလုံးပါဝင်နိုင်ရန်နှင့် ကုမ္ပဏီ၊ ဒေသန္တရ အစိုးရအာဏာပိုင်များ နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆင့်တိုင်းတွင် ပါဝင်စောင့်ကြည့်ရန်။ ဤလုပ်ငန်းစဉ်သည် စိတ်ကျေနပ်စွာ ပြီးဆုံးသွားရန် လိုအပ်သည့်အပြင်၊ မြေယာများ ပြန်လည်ပေးအပ်ခြင်း နှင့်/သို့ ဆုံးရှုံးသွားသော မြေယာများ၊ ကောက်ပဲသီးနှံများနှင့် နေထိုင်စားသောက်မှုဘဝများအတွက် ဈေးကွက်ပေါက်ဈေးဖြင့် လျော်ကြေးပေးရာတွင် ဒေသခံ ရွာသားများမှ တောင်းဆိုချက်များအား ဖြည့်ဆည်းပေးနိုင်သည့် စွမ်းဆောင်ရည်ရှိရန်။

*ရောမ မြေယာချထားခြင်းများနှင့် မြေယာ ပြုပြင်ပြောင်းလဲရေး မူဂါဒဆိုင်ရာ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍-*

အောက်ပါ အကြံပြုချက်များသည် အမျိုးသား မြေယာ မူဂါဒ (ရေးသားသည့်အချိန်တွင် အပြီးသတ်လျက်ရှိသည်) နှင့် မြေယာ ဥပဒေ တို့နှင့် သက်ဆိုင်ပြီး အောက်ပါ လိုအပ်ချက်များဖြင့် ပြည့်မီရန် လိုအပ်သည်။

၉။ ဥပဒေများအားလုံးတွင် *တောင်ယာ* အပါအဝင်၊ တရားဝင် စုပေါင်းနှင့် ဓလေ့ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင်ခွင့်နှင့် သုံးစွဲသူ အခွင့်အရေးများကို အသိအမှတ်ပြု၊ ကာကွယ်စောင့်ရှောက်ရမည်။ အနာဂတ်တွင် မြေယာပဋိပက္ခများ မဖြစ်ပွားရန် လုံလောက်သည့် အကာအကွယ်များကို သေချာစွာထည့်သွင်းရန်။

၁၀။ တည်ဆဲနှင့် အနာဂတ် မြေယာ ခွဲဝေချထားရေး၊ အသုံးပြုခြင်း၊ စီမံခန့်ခွဲရေးနှင့် ကာကွယ်မှုများ ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လမ်းညွှန်ပေးနိုင်မည့် တရားဝင် မူဘောင်တစ်ရပ် ချမှတ်နိုင်ရန် အမျိုးသား မြေယာ မူဂါဒနှင့်ကိုက်ညီသည့် အားလုံးပါဝင်နိုင်သော အမျိုးသား မြေယာ-အသုံးပြုမှု စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ် တစ်ရပ်ကို လုပ်ဆောင်ရမည်။ ယင်းတွင် စုပေါင်းနှင့် ဓလေ့ထုံးတမ်းစဉ်လာ မြေယာနှင့် အသုံးပြုသူ အခွင့်အရေးများ အားအသိအမှတ်ပြုခြင်းနှင့် ရာဘာနှင့် အခြား ကုန်စည်များ ထုတ်လုပ်နိုင်သည့် မြေဆီလွှာအနေအထားနှင့် စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့် မြေနေရာများ ဖော်ထုတ်သတ်မှတ်ခြင်းတို့ ပါဝင်သည်။ မြေယာအသုံးပြုမှု စီမံကိန်း မူကြမ်း ကို မြေယာအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍ မှ သုံးသပ်ခြင်းနှင့် မှတ်ချက်ပေးခြင်းများ ပြုလုပ်နိုင်ရန် လုပ်ဆောင်ပေးရမည်။ အပြီးသတ်ရေးဆွဲထားသော မြေယာအသုံးပြုမှု စီမံချက်များကို သက်ဆိုင်ရာ ဘာသာစကားများဖြင့် အများပြည်သူနှင့် အစိုးရအရာရှိများမှ လွတ်လပ်စွာ ရယူလေ့လာနိုင်ရမည်။

၁၁။ သစ်တောပြုန်းတီးခြင်း၊ အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့် အတင်းအဓမ္မ နှင်ထုတ်ခံရခြင်းတို့မှ ကာကွယ်ရန် မြေယာရင်းနှီးမြှုပ်နှံမှုများအားလုံးအတွက် စာချုပ်မချုပ်ဆိုမီ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝ အကျိုးသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များ ကို သေချာစွာ လုပ်ဆောင်ရမည်။ အကယ်၍ လွန်ကဲသော အနှုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ရှိနေပါက အဆိုပါအကဲဖြတ်မှုများအနေဖြင့် စီမံကိန်းများ ရှေ့ဆက်ဆောင်ရွက်ခြင်းမပြုနိုင်ရန် တင်းကြပ်စွာ တားဆီးနိုင်စေရမည်။ အကဲဖြတ်ချက်များကို တည်ဆဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သဟဇာတ ဖြစ်စေပြီး၊ အဆိုပါအကဲဖြတ်ချက်များ၏ ရလဒ်များအား လူအများသိရှိစေရန် ထုတ်ပြန်ရမည်။

၁၂။ မြေယာသိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေးကော်မရှင် ၏ စွမ်းဆောင်ရည်များကို တိုးမြှင့်ပြီး ဆုံးဖြတ် ချက်ချနိုင်သည့် အခွင့်အာဏာများ ပေးအပ်ရမည်။ ခံစားခဲ့ရသော လူထုအသိုင်းအဝိုင်းများမှ မြေယာအသုံးချမှုနှင့် ပတ်သက်သည့် လူမှုရေးရာ တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်များကို စိန်ခေါ်နိုင်ရန် မြေယာကာကွယ်ရေးနှင့် အသုံးပြုသူ အခွင့်အရေးများအတွက် တရားဥပဒေနှင့် တရားစီရင်ခြင်းဆိုင်ရာ အကူအညီများပေးအပ်ရန်။

၁၃။ အကျိုးသက်ရောက်ခံရသော ရပ်ရွာလူထုများအား အပြည့်ပြည့်ဆိုင်ရာစံချိန်စံညွှန်းများနှင့် အညီ လျော်ကြေး ကမ်းလှမ်းခြင်းမရှိသည့် မြေယာ ရယူမှုအားလုံးကို ရပ်ဆိုင်းရန်။

၁၄။ မြေယာ ခွဲဝေချထားခြင်းနှင့် သိမ်းယူခြင်းများတွင် တပ်မတော်၏ တရားဝင်နှင့် တရားမဝင် ပါဝင်မှုများ ကို အဆုံးသတ်ရန်။ စစ်တပ်မှ သိမ်းယူထားသော်လည်း အသုံးမပြုရသေးလျှင် မြေယာများကို

မူလပိုင်ရှင်ထံ ပြန်လည် ပေးအပ်ရန်။ စစ်တပ်အနေဖြင့် အကယ်၍ မြေယာများကို အသုံးပြုပြီးဖြစ်ပါက ဆုံးရှုံးသွားသော မြေယာ၊ ကောက်ပဲသီးနှံနှင့် လူမှုဘဝ နေထိုင်စားသောက်မှုများအတွက် ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးပေးရန်။

၁၅။ ကုလသမဂ္ဂ၏ ဆန္ဒအလျောက်လိုက်နာနိုင်သော  မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ပိုင်ခွင့်များအတွက် တာဝန်ယူမှုရှိသော အုပ်ချုပ်ရေး ဆိုင်ရာ လမ်းညွှန်ချက်များကို အတည်ပြုလက်ခံပြီး အကောင်အထည်ဖော်ရန်နှင့် ဤစံချိန်စံညွှန်းများကို ဥပဒေကြောင်းအရ လိုက်နာဆောင်ရွက်ရန်။

၁၆။  ရာဘာနှင့် အခြားကုန်စည်များကြောင့် အကျိုးသက်ရောက်မှုရှိနိုင်သော ရပ်ရွာလူထုအသိုက်အဝန်းများအတွက် - မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားပြီးဖြစ်သော - ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်းပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များအတိုင်း လွတ်လပ်သော၊ အလျင်ဦးစွာ နှင့် အသိပေး သဘောတူညီချက် ဆိုင်ရာ စံချိန်စံညွှန်းများကို အတည်ပြုကျင့်သုံးရန်။

<u>၁၇။ အထက်ဖော်ပြပါ အရေးယူဆောင်ရွက်မှုများအား လုပ်ဆောင်မပြီးမခြင်း နောက်ထပ် ဧရာမ မြေယာ နေရာချထားမှုများအား တရားဝင်ဆိုင်းငံ့ထားခြင်း ကို ဆောင်ရွက်ရန်နှင့်  အာဏာတည်စေရန်။</u>

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ -**

*အမျိုးသား မြေယာ မူဝါဒအား တိုက်ရိုက် ပံ့ပိုးကူညီနေသော ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များသို့။*

၁၈။ အထက်တွင် ဖော်ပြထားသော (အကြံပြုချက် ၉ မှ ၁၇ အထိ) စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အမျိုးသား မြေယာ မူဝါဒ ချမှတ်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်။ အပြီးသတ်မူဝါဒ သည် အထက်ပါ စံချိန်စံညွှန်းများနှင့် မကိုက်ညီခဲ့ပါက ထောက်ခံမှုများကို လူသိရှင်ကြား ရပ်ဆိုင်းရန်။

*စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့များ ပေးနေသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်များသို့ -*

၁၉။ ရန်ပုံငွေများသည် မြေယာ အနည်းအကျဉ်းသာ ပိုင်ဆိုင်သော လယ်သမားများ၏ မြေယာ ပိုင်ဆိုင်မှု လုံခြုံရေးကို အားဖြည့်ရန် ရည်စူးသည့်  အစီအစဉ်များ ဖြစ်စေရန်နှင့် တရားဝင် မြေပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း သို့မဟုတ် လူ့အခွင့်အရေးများ ချိုးဖောက်ခြင်း မရှိစေရန်။ အနာဂတ် ငွေကြေးဖြန့်ဝေပေးမှု အားလုံးတွင် အဆိုပါသတ်မှတ်ချက်များအား ထည့်သွင်းရန်။

*ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အားလုံးနှင့် နိုင်ငံတကာ ငွေကြေးအသင်းအဖွဲ့များသို့။*

၂၀။ ရပ်တည်ချက်ကို အသုံးပြု၍ မြန်မာအစိုးရအား ဤအစီရင်ခံစာတွင်ပါဝင်သော အထောက်အထားများ မှန်ကန်မှု ရှိမရှိ စုံစမ်းစစ်ဆေးရန်၊ ခံစားရသော ရွာသားများအား ပြန်လည်ထူထောင်ပေးရန်နှင့် မြေယာသိမ်းယူမှု ကျူးလွန်သူများအား တာဝန်ခံစေရန်နှင့် သင့်လျော်သလို အရေးယူရန်။

၂၁။ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ရေးဆွဲခြင်းမပြုမီတွင် မြန်မာနိုင်ငံ၏ မြေယာ သို့မဟုတ် စိုက်ပျိုးရေး ကဏ္ဍများအတွက် မြေယာအုပ်ချုပ်မှု ကိစ္စရပ်များဆိုင်ရာ ပြည့်စုံသော ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု ပြုလုပ်ရန်။ အထူးသဖြင့် -

- အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှု ကိုခြေရာခံနိုင်ရန်အတွက် အမျိုးသားမြေယာကဏ္ဍကို အထောက်အထား အခြေပြု အခြေခံမျဉ်းအပေါ် တည်ဆောက်ရမည်။
- လူမှုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူအများနှင့် အစိုးရအကြား ကျယ်ပြန့်ပြီး အားလုံးပါဝင်သော ဆွေးနွေးညှိနှိုင်းမှုအပေါ် အခြေခံရမည်။
- နိုင်ငံတကာ စံချိန်စံညွှန်းများအပေါ် အခြေခံထားသည့် ညွှန်းကိန်းများဖြင့် ထိန်းကျောင်းရန်၊ အထူးသဖြင့် ကုလသမဂ္ဂ၏ ဆန္ဒအလျောက် လိုက်နာနိုင်သော မြေယာ၊ သစ်တောနှင့် ငါးလုပ်ငန်း လုပ်ပိုင်ခွင့်များ အတွက် တာဝန်ယူမှုရှိသောအုပ်ချုပ်ရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့် ညီညွတ်စေရန်။

၂၂။ မြေယာနှင့် စိုက်ပျိုးရေး ကဏ္ဍများသို့ ပေးအပ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များ အားလုံးသည် ပိုင်ဆိုင်မှုနည်းသော လယ်သမားများ၏ မြေယာပိုင်ဆိုင်ခွင့် ကို လုံခြုံစေရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ မဖြစ်ပွားစေရန် သေချာစေရမည်။

**ရာဘာလုပ်ငန်းအတွင်း ပါဝင်ပတ်သက်သူများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် သို့မဟုတ် ဝယ်ယူရန် စဉ်းစားနေပါက -**

၂၃။ ဖြန့်ချီရေးလမ်းကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုကွင်းဆက်များတွင် မြေယာ ပိုင်ဆိုင်ခွင့်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ သို့မဟုတ် ခြစားမှုများ နှင့်ပတ်သက်သော နစ်နာခြင်းများ မရှိသည်ကို သေချာစေရန်အတွက် တင်းကြပ်သော ကနဦး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်။ ကနဦး စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်သည် အနောင်အဖွဲ့ ကင်းပြီး၊ မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့ အစည်းများ၏ ပါဝင်မှုဖြင့် သေချာစွာ လုပ်ဆောင်ရန်။ ဖြစ်နိုင်သော နစ်နာမှုများကို တွေ့ ရှိခဲ့ပါက ရင်းနှီးမြှုပ်နှံမှု သို့ မဟုတ် ဝယ်ယူမှုများကို ဆက်လက်လုပ်ဆောင်ခြင်း မပြုရန်။

၂၄။ ဖြစ်နိုင်လျှင် တာယာကုမ္ပဏီများနှင့် အခြား သဘာဝရာဘာ သုံးစွဲသူအများစုအနေဖြင့် ရာဘာကို မြေယာအနည်းအကျဉ်းသာပိုင်ဆိုင်သောမြန်မာ့လယ်သမားများထံမှ ဝယ်ယူရန်။

**အစီရင်ခံစာ အပြည့်အစုံကို www.globalwitness.org/gunscroniescrops တွင်ကြည့်ပါ။**